**(၄) သံချေးရောဂါ**

**ရောဂါဖြစ်စေသောသက်ရှိ** - ***Puccinia helianthi Schwein.***

**ရောဂါလက္ခဏာ**

အရွက်၊ ပင်စည်၊ ပွင့်ဖတ်တို့တွင်ကျရောက်တတ်သည်။ အရွက်အပေါ်မျက်နှာ ပြင်တွင် သေးငယ်သော အညိုရောင်၊ သံချေးရောင် ကွက်ပြောက်ကလေးများ ကို တွေ့ရသည်။ ရောဂါကွက်ဘေးပတ်လည်ရှိတစ်ရှုးသားများသည် အစိမ်းဖျော့ရောင်၊ အဝါရောင်ဖြစ်နေသည်။ အရွက်အောက်မျက်နှာပြင်တွင် သံချေးရောင် မှုံစပိုး အဖု ကလေးများကိုတွေ့ရသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပျိုးပါ။
- ရောဂါခိုအောင်းရာဖြစ်သောပေါင်းပင်များကိုဖျက်ဆီးမီးရှို့ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို စုပုံမီးရှို့ပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက ရောဂါစတင်ကျရောက်ပါက Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Captan (ကက်ပ်တန်) ၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Difenoconazole (ဒိုဖီနိုကိုနာဇိုး) စသောမှိုသတ်ဆေး များ ဖြင့် ထိရောက်စွာ ကာကွယ် နှိမ်နင်းနိုင်ပါသည်။